Diploma Programme
Programme du diplôme
Programa del Diploma

# Burmese A: literature – Higher level – Paper 2
# Birman A : littérature – Niveau supérieur – Épreuve 2
# Birmano A: literatura – Nivel superior – Prueba 2

Tuesday 1 May 2018 (morning)
Mardi 1 mai 2018 (matin)
Martes 1 de mayo de 2018 (mañana)

2 hours / 2 heures / 2 horas

---

### Instructions to candidates

- Do not open this examination paper until instructed to do so.
- Answer one essay question only. You must base your answer on at least two of the part 3 works you have studied and compare and contrast these works in response to the question. Answers which are not based on a discussion of at least two part 3 works will not score high marks.
- You are not permitted to bring copies of the works you have studied into the examination room.
- The maximum mark for this examination paper is **[25 marks]**.

### Instructions destinées aux candidats

- N’ouvrez pas cette épreuve avant d’y être autorisé(e).
- Traitez un seul sujet de composition. En basant votre réponse sur au moins deux des œuvres de la troisième partie que vous avez étudiées, vous devez comparer et opposer ces œuvres dans le cadre du sujet. Les réponses qui ne sont pas basées sur au moins deux des œuvres de la troisième partie n’obtiendront pas une note élevée.
- Vous n’êtes pas autorisé(e) à apporter des exemplaires des œuvres que vous avez étudiées dans la salle d’examen.
- Le nombre maximum de points pour cette épreuve d’examen est de **[25 points]**.

### Instrucciones para los alumnos

- No abra esta prueba hasta que se lo autoricen.
- Conteste una sola pregunta de redacción. Base su respuesta en al menos dos de las obras estudiadas de la parte 3, comparándolas y contrastándolas en relación con la pregunta. Las respuestas que no se basen en al menos dos obras de la parte 3 no recibirán una puntuación alta.
- No está permitido traer copias de las obras estudiadas a la sala de examen.
- La puntuación máxima para esta prueba de examen es **[25 puntos]**.

2218 – 0518

3 pages/páginas

© International Baccalaureate Organization 2018

International Baccalaureate
Baccalauréat International
Bachillerato Internacional

https://xtremepape.rs/

အောက်ပါမေးခွန်းများမှ **တစ်ခုကိုသာ** ရွေးချယ်၍ စာစီစာကုံးရေးသားပါ။ လေ့လာသင်ကြားခဲ့သည့် သင်ရိုးညွှန်းတမ်း အပိုင်း ၃ တွင် ပါရှိသည့် **အနည်းဆုံးပြဇာတ်နှစ်ရပ်**အပေါ် မူတည်ကိုးကား၍ ဖြေပြီးမေးခွန်းများ ဖြေဆိုရာတွင် ဤပြဇာတ်များ၏ **တူညီချက်များနှင့် ကွဲပြားချက်များကို နှိုင်းယှဉ်ပါ။** အဖြေများမှာ သင်ရိုးညွှန်းတမ်း အပိုင်း ၃ တွင် ပါရှိသည့် ပြဇာတ် အနည်းဆုံး နှစ်ရပ်ကိုမူတည်ကိုးကား ဆွေးနွေးထားမှု**မရှိလျှင်** အမှတ်များစွာ ရလိမ့်မည် **မဟုတ်ပါ။**

## ပြဇာတ်

**1.** သင်လေ့လာခဲ့ရသည့်ပြဇာတ် အနည်းဆုံးနှစ်ပုဒ်ကိုရည်ညွှန်း၍ စာရေးဆရာများက တိကျသည့်အချိန်အခါများတွင် ထိရောက်မှုတိုးမြှင့်ထားသော ပြင်းပြသည့်စကားများအသုံးပြု၍ တင်းမာမှုကိုဖန်တီးကာထိန်းသိမ်းထားပုံ၊ ရရှိသည့် သက်ရောက်မှုများ စသည်တို့၏ တူညီမှုနှင့်ကွဲပြားမှုတို့ကို နှိုင်းယှဉ်ပါ။

**2.** ဇာတ်မြူးသည် လူသားတို့၏အားနည်းချက်များကို အတည်ပြု၍ အဆွေးဇာတ်သည် လူသားတို့အား ခွန်အားပေးသည်။ သင်လေ့လာခဲ့ရသည့်ပြဇာတ် အနည်းဆုံးနှစ်ပုဒ်ကို အနီးကပ်ရည်ညွှန်း၍ ဤပြောဆိုချက်နှင့် သင်သဘောတူခြင်းရှိမရှိ ဆွေးနွေးပါ။

**3.** သင်လေ့လာခဲ့သည့်ပြဇာတ်ဆရာအနည်းဆုံးနှစ်ဦး၏ပြဇာတ်တွင် ပြဇာတ်တစ်လျှောက် အဓိကဇာတ်ကောင်၏ ကြီးထွားဖွံ့ဖြိုးလာပုံနှင့် ပြောင်းလဲပုံတို့ကို တင်ဆက်ရန်အသုံးပြုသည့် နည်းများ တူညီပုံနှင့် ကွဲပြားပုံတို့ကို နှိုင်းယှဉ်ပါ။

## ကဗျာ

**4.** သင်၏လေ့လာချက်တွင်ပါဝင်သည့် ကဗျာဆရာအနည်းဆုံးနှစ်ဦး၏ကဗျာတွင် လောကကြီးအပေါ် သီးခြားအမြင်တစ်ရပ်ကို တင်ဆက်ရန် အသုံးပြုထားသည့် နည်းများကို နှိုင်းယှဉ်ပါ။

**5.** စာဖတ်သူများ၏ခံစားချက်ကိုတို့ထိသည့်ကဗျာရေးသားရာတွင် စကားလုံးများကို သေချာစွာရွေးချယ်ခြင်းသည် ကဗျာဆရာများကို မည်သို့အထောက်အကူပြုကြောင်းကို သင်လေ့လာခဲ့သည့်ကဗျာဆရာအနည်းဆုံးနှစ်ဦးကို အနီးကပ်ရည်ညွှန်းလျက် ဆွေးနွေးပါ။

**6.** သင်လေ့လာခဲ့သည့်ကဗျာဆရာအနည်းဆုံးနှစ်ဦးကိုရည်ညွှန်းလျက် ကိုယ်ရေးကိုယ်တာအတွေ့အကြုံနှင့် ကဗျာတွင်ပါရှိသည့် ယေဘုယျအတွေးအခေါ်များကို ချိတ်ဆက်ရာတွင် အသုံးပြုသည့်နည်းများကို နှိုင်းယှဉ်ပါ။

https://xtremepape.rs/

## စိတ်ကူးယဉ်စကားပြေ

**7.** ရေးသားချက်တစ်ရပ်တွင် ဇာတ်ကြောင်းဖြစ်စဉ်မှာ တစ်ခါတစ်ရံတွင် ကြိုတင်မြင်နိုင်ပြီး တစ်ခါတစ်ရံတွင် မမျှော်လင့်ဘဲ ဖြစ်တတ်ပါသည်။ သင်လေ့လာခဲ့သည့်ရေးသားချက်အနည်းဆုံးနှစ်ရပ်မှ ဇာတ်ကြောင်းဖြစ်စဉ်ကို နှိုင်းယှဉ်ပြီး စာဖတ်သူတို့အတွက် ၎င်းဖြစ်စဉ်ကိုတင်ဆက်ထားပုံနှင့် ၎င်းတင်ဆက်ပုံ၏ သက်ရောက်မှုတို့ကို ဆွေးနွေးပါ။

**8.** စာရေးဆရာတစ်ဦးသည် တစ်ခုခုမလွဲမသွေဖြစ်မည့်အကြောင်း နိမိတ်ကို အရိပ်အမြွက်ပြ၍ မကြာခဏရေးသားလေ့ရှိပါသည်။ သင်လေ့လာခဲ့သည့်ရေးသားချက်အနည်းဆုံးနှစ်ရပ်တွင် နိမိတ်များအသုံးပြုထားပုံနှင့် ထိုသို့အသုံးပြုခြင်း၏ သက်ရောက်မှုများကို နှိုင်းယှဉ်ပါ။

**9.** စာရေးသူများသည် ၎င်းတို့၏ရေးသားချက်များတွင် စစ်မှန်သည့်အဖြစ်အပျက်တစ်ရပ်၏အငွေ့အသက် ဖန်တီးရန် အဖြစ်မှန်အချက်အလက်များကို မကြာခဏထည့်သွင်းလေ့ရှိပါသည်။ သင်လေ့လာခဲ့သည့်ရေးသားချက် အနည်းဆုံးနှစ်ရပ်ကိုရည်ညွှန်း၍ ဤနည်းကို အသုံးပြုထားပုံနှင့် ၎င်း၏သက်ရောက်ပုံတို့ကို နှိုင်းယှဉ်ပါ။

## စိတ်ကူးယဉ်မဟုတ်သည့်စကားပြေ

**10.** သင်လေ့လာခဲ့သည့်ရေးသားချက်အနည်းဆုံးနှစ်ရပ်တွင် လေးနက်သည့်အကြောင်းအရာတစ်ရပ်ကို ပိုနှစ်သက်ဖွယ်ကောင်းစေရန်နှင့် ပိုစိတ်ဝင်စားဖွယ်ကောင်းစေရန်အတွက် အသုံးပြုထားသည့် စာပေရေးသားနည်းများကို ဆွေးနွေးပါ။

**11.** သင်လေ့လာခဲ့သည့်စာရေးဆရာအနည်းဆုံးနှစ်ဦး၏ရေးသားချက်ကိုရည်ညွှန်း၍ စာရေးဆရာများသည် နေ့စဉ်ဘဝမှ မြင်ကွင်းများနှင့်ပုံရိပ်များကို ၎င်းတို့၏ရေးသားချက်များတွင် အသုံးပြုထားပုံ၊ ထိုသို့အသုံးပြုခြင်း၏ သက်ရောက်ပုံတို့၏ တူညီမှုများနှင့်ကွာခြားချက်များကို နှိုင်းယှဉ်ပါ။

**12.** သင်လေ့လာခဲ့သည့်ရေးသားချက်အနည်းဆုံးနှစ်ရပ်ကိုရည်ညွှန်း၍ ၎င်းတို့၏ရေးသားချက်အကြောင်းအရာကို ရည်ရွယ်ထားသည့်ပရိသတ်နှင့်သက်ဆိုင်မှုရှိစေရန် အသုံးပြုထားသည့်နည်းများကို ဆွေးနွေးပါ။

https://xtremepape.rs/